သို့/

မစ်စတာ Fredrik Reinfeldt
ဝန်ကြီးချုပ်
ဆွီဒင်နိုင်ငံ တော်ဝင်အစိုးရ

အကြောင်းအရာ။ ။ မြန်မာနိုင်ငံအတွင်းရှိ အလွန်ရက်စက်ယုတ်မာသော ရာဇဝတ်မှုများကို ကျူးလွန်ခံခဲ့ရသူများ တရားမျှတမှု ရရှိနိုင်စေရေးနှင့် ပြစ်မှုကျူးလွန်ခဲ့သော သူများကို ရုံးတင်စစ်ဆေး အရေးယူနိုင်စေရေးတို့အတွက် ဆွီဒင်အစိုးရနှင့် ဥရောပသမဂ္ဂတို့အပေါ် ဦးစီးပြု ဆောင်ရွက်ရန် မေတ္တာရပ်ခံပန်ကြားခြင်း။

ချစ်ခင်လေးစားရပါသော ဝန်ကြီးချုပ်ကြီး ခင်ဗျား/ရှင်၊

လက်ရှိ အုပ်ချုပ်မင်းလုပ်နေသော စစ်အစိုးရ(နအဖ)၏ ပြည်သူလူထုများအပေါ်၌ ကျူးလွန်လျှက်ရှိသော အလွန်ရက်စက်ယုတ်မာသည့် ရာဇဝတ်မှုများနှင့် စပ်လျဉ်း၍ ကျွန်ုပ်တို့အနေဖြင့် ဝန်ကြီးချုပ်၏ သတိမူခြင်းကို လေးစားစွာရယူ လိုပါသည်။ ၂၀၀၂ခုနှစ်၊ ဇူလိုင်လ (၁)ရက်နေ့တွင် နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံး ပေါ်ပေါက်လာပြီးသည်က စ၍ အထက်ပါရာဇဝတ်မှုများအနက် အချို့သောရာဇဝတ်မှုများသည် လူသားဖြစ်မှုကိုဆန့်ကျင်သောပြစ်မှုများ၊ လူမျိုးတုံးသတ်ဖြတ်မှုများနှင့် စစ်ရာဇဝတ်မှုများ စသည်တို့ကဲ့သို့သော နိုင်ငံတကာ ရာဇဝတ်မှုများ ဖြစ်နေသည်ဟု ဆိုနိုင်ပေသည်။

(၁) ၂၀၀၃ခုနှစ် မေလ (၃၀)ရက်နေ့တွင် စစ်အစိုးရသည် ၎င်း၏ လက်ပါးစေ အဖွဲ့အစည်းတစ်ခုဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အယောက် (၅၀၀၀)ခန့်ကိုသုံးကာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ ပြရုပ်ဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အန်အယ်လ်ဒီ)၏ အဖွဲ့ဝင်များကို တိုက်ခိုက်ခဲ့သည်။ အန်အယ်လ်ဒီက မြန်မာနိုင်ငံအထက်ပိုင်းရှိ ဒီပဲယင်းသို့ စည်းရုံးရေး ခရီးလှည့်လည်နေစဉ် အတွင်း၌ ယခုလို တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်သည်။ ထိုအချိန်ကတည်းကစ၍ ဒေါ်အောင်ဆန်းစုကြည်သည် ရာဇဝတ်မှု၏သားကောင်တစ်ယောက် ဖြစ်ခဲ့ရပြီး နေအိမ်အကျယ်ချုပ် ကျခံနေရသည်မှာလည်း (၆)နှစ်ခန့်ရှိလာခဲ့ပြီးဖြစ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်ကို ဖမ်းဆီးထိန်းသိမ်းထားခြင်းသည် ပြည်တွင်းရှိ ဥပဒေများကိုသာ မကဘဲ နိုင်ငံတကာ ဥပဒေများကိုပါ ချိုးဖောက်ရာရောက်သည်ဟု ‘စိတ်ထင်မြင်ရုံဖြင့် ဖမ်းဆီးချုပ်နှောင် ထားခြင်းဆိုင်ရာ ကုလသမဂ္ဂ၏ အလုပ်အဖွဲ့’က လွန်ခဲ့သည့်လပိုင်းတွင် ထုတ်ပြန်ပြောဆိုခဲ့သည်။

(၂) ၂၀၀၇ခုနှစ် ဇွန်လ (၂၉)ရက်နေ့တွင် ‘နိုင်ငံတကာကြက်ခြေနီအသင်း၏ ကော်မတီ’ (အိုင်စီအာစီ)က မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ တစ်ကမ္ဘာလုံးကို အသိပေးနှိုးဆော်ခဲ့သည်။ မြန်မာနိုင်ငံရှိ စစ်အစိုးရသည် ဂျနီဗာသဘောတူညီချက်များတွင်ပါရှိသော ရာဇဝတ်မှုများကို ကျူးလွန်နေခဲ့သည်ဟု ၎င်းကဆိုခဲ့သည်။ ထို့အပြင် ထိုကဲ့သို့သော ကျူးလွန်ချိုးဖောက်မှုများကို အိုင်စီအာစီ၏ ကိုယ်စားလှယ်များကိုယ်တိုင် စောင့်ကြည့်နေကြောင်း၊ နှစ်ဦးနှစ်ဖက် လျှို့ဝှက် ဆွေးနွေးညှိနှိုင်းမှုများ အားလုံး ပြိုလဲသွားပြီဖြစ်ကြောင်းနှင့် စစ်အစိုးရသည် ပြစ်မှုများကို ဆက်လက် ကျူးလွန်နေနိုင်ဖွယ်ရှိကြောင်း စသည်တို့ကို ဆိုခဲ့ပြန်သည်။ အိုင်စီအာစီ၏ ဥက္ကဋ္ဌဖြစ်သူ ဂျေးကော့ကယ်လန်ဘာဂါက –

“ ––– နိုင်ငံတကာ လူလူချင်းစာနာတဲ့ဥပဒေကို ချိုးဖောက်တဲ့ လုပ်ရပ်တွေအားလုံးကို ရပ်တန်းကရပ်ဖို့နဲ့ အဲဒါမျိုးတွေ သူတို့ နောက်ထပ်မလုပ်စေဖို့ ကျွန်တော် မြန်မာအစိုးရကို တိုက်တွန်းတယ်ဗျ။ ––– ဂျနီဗာနိုင်ငံ သဘောတူညီချက် မှာအဖွဲ့ဝင်ဖြစ်ထားတဲ့ နိုင်ငံတွေအားလုံးကို သူတို့ရဲ့တာဝန်ဝတ္တရားတွေနဲ့ ပတ်သက်လို့ ကျွန်တော် သတိပေးချင်တာတစ်ခုတယ်၊ ပုဒ်မ (၁)မှာက

> ဘာပြောထားသလဲဆိုတော့ – သဘောတူညီချက်တွေကို မိမိတို့ကိုယ်တိုင်လဲ လေးစားလိုက်နာရသလို အခြားသူတွေကိုလဲ လေးစားလိုက်နာမှုရှိစေရမယ် ဆိုတာကိုသတိပေးချင်တယ်။” ဟုပြောဆိုခဲ့သည်။

(၃) ၂၀၀၇ခုနှစ် စက်တင်ဘာလတွင် ထောင်ပေါင်းများစွာသော ဘုန်းကြီးများ အေးချမ်းစွာဖြင့် ဆန္ဒပြနေသည်ကို စစ်အစိုးရက ရက်ရက်စက်စက် နှိမ်နင်းခဲ့သည်၊ ၄င်းတို့ကို ညှဉ်းပမ်းနှိပ်စက်ခဲ့သည်၊ သတ်ဖြတ်ခဲ့သည်။ မြန်မာနိုင်ငံ၏ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေကို လုံးလုံးမျှ အမှုမထားဘဲလျက် နအဖ၏ လုံခြုံရေးတပ်များသည် ဘုန်းကြီးကျောင်းများကို ဝင်ရောက်စီးနင်းခဲ့သည်။ ကျောင်းပရိဝုဏ်များတွင် ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ ဗုဒ္ဓဘာသာ အိမ်ရာအဆောက်အအုံများကိုလည်း ဖျက်ဆီးခဲ့ပြီး ဘုန်းကြီးများကို ပြင်းထန်စွာ ဒဏ်ရာအနာတရ ဖြစ်စေခဲ့ပါသည်။

(၄) မြန်မာနိုင်ငံအရှေ့ပိုင်းဒေသတွင် (၂)နှစ်ခွဲကြာတိုင်အောင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပွားနေခဲ့သည်ဟူ၍ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာရေးအဖွဲ့က ၂၀၀၈ခုနှစ် ဇွန်လတွင် အစီရင်စာတင်သွင်းခဲ့သည်။ ကရင်ပြည်နယ်နှင့် ပဲခူးတိုင်း တို့တွင်နေထိုင်နေသော ကရင်အမျိုးသားများကို နအဖတပ်များက သွားရောက်တိုက်ခိုက်ခဲ့ကာ လူ့အခွင့်အရေး ချိုးဖောက်မှုများ ဖြစ်ပွားစေခဲ့သည်ဟု ထိုအစီရင်ခံစာက ဆိုထားသည်။ သို့ဖြစ်သောကြောင့် ကရင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့ရှိ လူပေါင်း ခန့်မှန်းခြေ ၁၄၇ ၈၀၀ ခန့် ၄င်းတို့၏ အိမ်ယာများကို ပစ်ပြေးခဲ့ရ သည်။ ၄င်းတို့အနက် အများအပြားသည် တရားမဲ့စွာ သတ်ဖြတ်မှုများ၊ နှိပ်စက်ညှဉ်းပမ်းမှုများနှင့် အခြားသော အနိုင်ကျင့်ဗိုလ်ကျမှုများ၊ တမင်တကာ ပျောက်ဆုံးစေမှုများနှင့် တဖက်သတ်ဖမ်းဆီးမှုများ၊ ပေါ်တာဆွဲခြင်းများ အပါအဝင် အတင်းအဓမ္မ လုပ်အားခိုင်းစေမှုများ၊ ရွာနှင့် အိမ်ယာများကို ဖျက်ဆီးခြင်းများ၊ ကောက်ပဲသီးနှံများနှင့် အစားအစာ သိုလှောင်ရုံများကို ဖျက်ဆီးခြင်းများ (သို့မဟုတ်) သိမ်းယူခြင်းများနှင့် အခြားသောနည်းလမ်း များဖြင့် စုပေါင်းပြစ်ဒဏ်ခတ်ခြင်းများ စသည့် အစီအစဉ်တကျရှိသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ခံစားခဲ့ကြရသည်။ နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူလူချင်းစာနာသောဥပဒေတို့ကို ချိုးဖောက်ရာရောက်သည့် ကရင်လူမျိုးများအပေါ် လုပ်ဆောင်ခဲ့ခြင်းများနှင့်ပတ်သက်၍ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာရေးအဖွဲ့က သုတေသနပြုခဲ့သည်။ ထိုသို့သောချိုးဖောက်ခြင်း များသည် လူသားဖြစ်မှုကို ဆန့်ကျင်သောပြစ်မှုမျိုး ဖြစ်နိုင်သည့် အစီအစဉ်တကျဖြင့် ကျူးလွန်သော ရာဇဝတ်မှုများဖြစ်နေခြင်းကြောင့် အလွန်အမင်း စိုးရိမ်ဖွယ်ရာရှိသည်ဟု အဆိုပါ သုတေသနက ဆိုခဲ့သည်။

(၅) ၂၀၀၈ခုနှစ် မေလ (၂၂)ရက်နေ့၊ မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသတွင် နာဂစ်မုန်တိုင်း တိုက်ခတ်သွားပြီးသည့်နောက်ပိုင်း၌ စစ်အစိုးရ၏ ဥပေက္ခာပြုထားမှုများကြောင့် မြန်မာနိုင်ငံ၏ ဝမ်းနည်းဖွယ်ရာကောင်းသည့်အဖြစ်ဆိုးနှင့်စပ်လျဉ်း၍ ဥရောပ ပါလီမန်က အောက်ပါအတိုင်း ထုတ်ပြန်ကြေညာခဲ့သည်။

> ဒုက္ခဆင်းရဲနှင့် ကြုံတွေ့နေကြရသော ပြည်သူပြည်သားများကို အကူအညီများပေးနိုင်ရေးအတွက် မြန်မာအာဏာပိုင်များကသာ ပိတ်ဆို့တားဆီးနေခဲ့ပါက ၄င်းတို့သည် လူသားဖြစ်မှုကို ဆန့်ကျင်သော ပြစ်မှုကြောင်းရာအရ တာဝန်ရှိသင့်သည်။

ထို့အပြင် ဤအမှုကို စုံစမ်းစစ်ဆေးပြီး တရားစွဲဆိုနိုင်စေရေးအတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ နိုင်ငံတကာ ပြစ်မှုဆိုင်ရာတရားရုံးသို့ လွှဲအပ်မည့် ဆုံးဖြတ်ချက်ကို ချမှတ်စေရန် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများက ဖိအားပေးရေးအတွက်ကိုလည်း ဥရောပပါလီမန်က တောင်းဆိုခဲ့သည်။

(၆) ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလ (၂၇)ရက်နေ့တွင် အမေရိကန်နိုင်ငံရှိ ‘ဂျွန်ဟော့(ပ်)ကင်း ဘလွန်းဘယ်ရီ ပြည်သူ့ကျန်းမာရေးကျောင်း’ နှင့် မြန်မာနိုင်ငံရှိ ‘အရေးပေါ် အကူအညီပေးရေး အဖွဲ့’ တို့သည် “မုန်တိုင်းပြီးသည့်နောက် – မြစ်ဝကျွန်းပေါ်ဒေသရှိ အသံများ” ဟုခေါ်သော အစီရင်ခံစာကို ပူးပေါင်း ထုတ်ဝေခဲ့ကြသည်။ ထိုအစီရင်ခံစာက – နအဖသည် မုန်တိုင်းဒုက္ခသည်များကို သွားရောက်ကူညီပေးမည့် ကယ်ဆယ်ရေးအဖွဲ့များကို တားဆီးပိတ်ဆို့ထားကြောင်း၊ ကယ်ဆယ်ရေးလုပ်သားများကို ဖမ်းဆီးခဲ့ကြောင်းနှင့် မျက်မှောက်ခေတ် မြန်မာနိုင်ငံ၏ အဆိုးရွားဆုံးဟုဆိုနိုင်သော သဘာဝကပ် ဆိုက်ပြီးသည့်နောက်ပိုင်းတွင် စစ်အစိုးရက သတင်း

အမုန်များပေးရန် ထိန်ချိန်ထားကြောင်း စသည်တို့ကို ဖော်ပြထားသည်။ ဒုက္ခသည်များ အသက်ရှင်သန်နိုင်ရေး အတွက်အရေးပါသော အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းမရှိသော အခြေအနေများကြောင့် အဆိုပါ မတော်မတရား ပြုမူမှုများသည် လူသားဖြစ်မှုကိုဆန့်ကျင်သောပြစ်မှုများအားကျူးလွန်ရာရောက် နိုင်သည်။ ထို့အပြင် အဆိုပါလုပ်ရပ်သည် နိုင်ငံတကာ ပြစ်မှုဆိုင်ရာ တရားရုံး၏ ရောမဥပဒေ ပုဒ်မ (၇) (၁) (ဋ) "တမင်တကာရည်ရွယ်၍ ကြီးစွာသောခံစားမှုဖြစ်စေခြင်း (သို့မဟုတ်) စိတ်ဓါတ်ရေးအရသော်လည်းကောင်း၊ ကိုယ် ခန္ဓာအရသော်လည်းကောင်း၊ ပြင်းထန်စွာ ထိခိုက်အနာတရဖြစ်စေခြင်း" ဟူသည့်ပြဋ္ဌာန်းချက်ကို ချိုးဖောက်နေပြန်သည်။

(၇) ရှမ်း၊ မွန်၊ ကရင်၊ ပလောင်၊ ချင်း (ရှမ်းအမျိုးသမီးလုပ်ရှားမှု ကွန်ရက်၊ ရှမ်းလူ့အခွင့်အရေး ဖေါင်ဒေးရှင်း၊ မွန်ပြည်နယ် လူ့အခွင့်အရေးဖေါင်ဒေးရှင်း၊ ကရင်အမျိုးသမီးများ အဖွဲ့၊ ပလောင်အမျိုးသမီးများ အဖွဲ့၊ ချင်းအမျိုးသမီးများ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အမျိုးသမီးများအဖွဲ့ချုပ်နှင့် နိုင်ငံတကာ ဒုက္ခသည်အသင်း) စသည်တို့ အပါအဝင် မြန်မာနိုင်ငံရှိ တိုင်းရင်းသား အမျိုးသမီးများက ထုတ်ဝေသော မုဒိမ်းမှုများနှင့်သက်ဆိုင်သည့် အစီရင်ခံစာများတွင် စစ်အစိုးရ၏ အမျိုးသမီးများအပေါ် အစီအစဉ်တကျ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် အခြားသော အကြမ်းဖက်မှု နည်းလမ်းများကို မှတ်တမ်းတင်ဖေါ်ပြထားသည်။ ထို့အပြင် ပြစ်မှုကျူးလွန်သူများ မည်သူမည်ဝါများဖြစ်ကြောင်း ဆိုသည်ကိုပင် အဆိုပါအစီရင်ခံစာများ၌ ထည့်သွင်းထားပြီး မှုခင်းဖြစ်ပွားရာ ရက်စွဲနှင့် မုဒိမ်းကောင်များ၏ တပ်ရင်းနံပါတ်များကိုပါ ဖေါ်ပြထားပါသည်။

သို့သော်ငြားလည်း စစ်အစိုးရသည် အလွန်ရက်စက်ယုတ်မာသော ရာဇဝတ်မှုများကို စဉ်ဆက်မပြတ် ဆက်တိုက် ကျူးလွန်နေလာခဲ့ပါသည်။ မြန်မာနိုင်ငံတွင်းရှိ တရားစီရင်ရေးစနစ်သည် နူတ်ဆိတ်နေလာခဲ့သည်မှာ ကာလကြာမြင့်ခဲ့ပြီဖြစ်၍ အဆိုပါ ရက်စက်ယုတ်မာသော ရာဇဝတ်မှုများ ကျူးလွန်သည့်သူများကို ယခုအချိန် အထိ အပြစ်ပေးအရေးယူ ဆောင်ရွက်ခြင်း မရှိသေးချေ။ ထိုကြောင့် စစ်အစိုးရနှင့် လက်ပါးစေ ရာဇဝတ်ကောင် များသည် ၄င်းတို့၏ လုပ်ရပ်များအတွက် ဒဏ်ခတ်အပြစ်ပေးခံရခြင်း မရှိသေးဘဲလျှက်ရှိနေသည်။ မြန်မာနိုင်ငံရှိ ပြည်သူ လူထုသည်လည်း အကာအကွယ်မဲ့နေဆဲပင်ဖြစ်ပါသည်။

ကုလသမဂ္ဂ၏ အဖွဲ့ဝင်နိုင်ငံ ဆိုသည့် အဓိပ္ပါယ်ကို ဖေါ်ဆောင်နိုင်ရန်နှင့် နိုင်ငံတကာ အသိုင်းအဝိုင်းတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် တို့အတွက် 'ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်'ဟူသော အယူအဆတစ်ခု သည် အလွန်အရေးပါသော ဓါတ်ကူပစ္စည်းတစ်ခုဖြစ်ပေသည်။ ထိုအယူအဆအရ– နိုင်ငံတစ်ခုတွင် အချုပ်အချာ အာဏာရှိခြင်း ဆိုသည့်အချက်သည် "နိုင်ငံတစ်ခုသည် ၄င်းပြည်သူပြည်သားများ၏ ကောင်းကျိုးချမ်းသာကို ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိသည်" ဆိုသည့်အချက်နှင့် ဒွန်တွဲလျှက်ရှိသည်။ ထို့ကြောင့် နိုင်ငံတစ်ခုက ၄င်း၏ ပြည်သူပြည်သားများကို ကာကွယ်စောင့်ရှောက်မှုများ ပေးနိုင်ခြင်းမရှိပါက (သို့မဟုတ်) ကာကွယ်စောင့်ရှောက်မှုများ ပေးမည်မဟုတ်ပါက ထိုနိုင်ငံ၏ အတွင်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာအသိုင်း အဝိုင်းက ဝင်ရောက်စွက်ဖက်ပိုင်ခွင့်ရှိပြီး၊ ထိုသို့ ဝင်ရောက်စွက်ဖက်ရန်လည်း တာဝန်ဝတ္တရားရှိပေသည်။ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အမှတ် (၁၃၂၅)အရ လုံခြုံရေးကောင်စီက လိုအပ်သော အရေးယူ ဆောင်ရွက်မှုများကို ပြုလုပ်နိုင်ရန်အတွက် – နိုင်ငံတကာ၏ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ကို ထိပါးလာစေနိုင် သည်ဟု ထင်မြင်ယူဆရသော အစီအစဉ်ကျနစွာဖြင့်ကျူးလွန်သည့် ရာဇဝတ်မှုများ နှင့်စပ်လျဉ်းသော သက်သေ အထောက်အထားများဖြင့် လုံခြုံရေးကောင်စီသို့ တင်ပြလျှင် ဖြစ်နိုင်ပေသည်။ ဤအမှုနှင့်စပ်လျဉ်း၍ အဆိုပါ အတိုင်း နိုင်ငံတကာ၏ ငြိမ်းချမ်းရေးနှင့်လုံခြုံရေးတို့ကို ထိပါးလာစေနိုင်သည်ဟု ထင်မြင်ယူဆရလျှင် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၏ အခန်း (၇)နှင့်အညီ ဤအမှုကို နိုင်ငံတကာပြစ်မှုဆိုင်ရာတရားရုံးသို့ တင်ပြရန်လိုအပ် ပေသည်။

နိဂုံးချုပ်အနေဖြင့်၊ မြန်မာနိုင်ငံအတွင်းရှိ အလွန်ရက်စက်ယုတ်မာသော ရာဇဝတ်မှုများကို ကျူးလွန် ခံခဲ့ရသူများ တရားမျှတမှု ရရှိနိုင်စေရေးနှင့် ပြစ်မှုကျူးလွန်ခဲ့သူ များကို ရုံးတင်စစ်ဆေး အရေးယူဆောင်ရွက် နိုင်စေရေးတို့အတွက် ဆွီဒင်အစိုးရကို ဦးဆောင်ကြိုးပမ်းရန်၊ ဖြစ်နိုင်လျှင် ဥရောပသမဂ္ဂကိုပါ အသင်ဝန်ကြီးချုပ် က ဦးစီးပြု ဆောင်ရွက်ရန် ကျွန်ုပ်တို့မှ မေတ္တာရပ်ခံ ပန်ကြားလိုပါသည်။ သို့မှသာလျှင် ပြစ်မှုကျူးလွန်ခြင်းများ

ရပ်တန့်ကရပ်နိုင်မည် ဖြစ်သည်။ တရားဥပဒေ စိုးမိုးမှုများ ဖြစ်ထွန်းလာနိုင်မည် ဖြစ်သည်။ စစ်မှန်သော တည်ငြိမ်မှုကို ဖန်တီးနိုင်မည် ဖြစ်ပြီး မြန်မာနိုင်ငံတွင် ဒီမိုကရေစီရေးကို ငြိမ်းချမ်းစွာဖြင့် ဖေါ်ဆောင်နိုင်မည် ဖြစ်ပေသည်။

ရှိသေလေးစားစွာဖြင့်၊